ခိုက် မှတ်ခိုက်၌ အထူး မစဉ်းစားရဘဲ မှတ်ရုံမျှဖြင့်ပင် နာမ်နှင့် ရုပ် တို့ကို ကွဲပြားစွာ သိမြင်၍ "ဤကိုယ်ထဲမှာ အာရုံကို သိတတ်တဲ့ နာမ်နှင့် အာရုံကို မသိတတ်တဲ့ ရုပ် ဟူသော ဤနှစ်မျိုးသာ ရှိသည်၊ ဤနှစ်မျိုးမှ တပါး သတ္တဝါကောင် ငါကောင် လိပ်ပြာကောင် ဝိညာဏ် ကောင်ကား မရှိပြီ" ဟူ၍ မတွေမဝေ ဆုံးဖြတ် နိုင်ခြင်းသည် သာ လျှင် လိုရင်း ဖြစ်ပေသည်။ သို့ဖြစ်၍, မှတ်ခိုက် မှတ်ခိုက်မှာပင် မတွေး မဆ ရဘဲ အလိုလို သဘောကျ၍ ဤသို့ ဆုံးဖြတ်သော အသိဉာဏ် သည် ခေါင်ထိပ်သို့ ရောက်သော **နာမရူပ ပရိစ္ဆေဒဉာဏ် ညေ်၏။** ဤဉာဏ်သည်ပင် 'ငါကောင် လိပ်ပြာကောင် ရှိသည်' ဟု ထင်မှား ခွဲလမ်းသော အတ္တဒိဋ္ဌိ အညစ်အကြေးကို သုတ်သင် ပယ်ခွါတတ်သော ကြောင့် ဒိဋ္ဌိဝိသုဒ္ဓိသဲ **ညေ်၏။** အောက်ပါမှာ မဟာ ဋီကာ အဖွင့်ပေ တည်း။

**နာမရူပါနံ ယာထာဝ ဒဿနံ ဒိဋ္ဌိ** ရှုဒ် နာမ်, ထွေက် နာမ်, နှ ရှု တော ဘ်ယော၊ ရှုဒ် ရုပ်, ထွေက် ရုပ်, နှ ရှုတော ဘ်ယော တိ စ တောသ် လက္ခဏာ သလ္လက္ခဏာ မုခေန ဓမ္မ မတ္တ ဘာဝ ဒဿနံ အတ္တ ဒိဋ္ဌိမလ ဝိသောဓနတော ဒိဋ္ဌိဝိသုဒ္ဓိ တိ ဝေဒိတဗ္ဗံ။

နာမရူပါနံ ယာထာဝ ဒဿနံ ဒိဋ္ဌိ၊ နာမ်နှင့် ရုပ်တို့ကို သဘောမှန် အတိုင်း မြင်ခြင်း ဟူသည်ကား၊ ရှုဒ်၊ မှတ် သိရသော ဤသဘော သည်၊ နာမ်၊ အာရုံဆီသို့ ညွှတ်တတ် သွားတတ်သော, အာရုံကို သိ တတ်သော နာမ် တရားတည်း၊ ထွေက်၊ မှတ် သိခဲ့ရသော ဤမှု လောက်သည်၊ နာမ်၊ အာရုံကို သိတတ်သော နာမ် တရားသာတည်း။ (မှတ် သိရသမျှ နာမ်ကို ရည်၍ "ဤမျှလောက်ဟာ နာမ်ချည်းဘဲ၊ ငါကောင် မဟုတ်" ဟု သိသည်ကို ဆိုလို၏)။ ရှုတော၊ မှတ် သိခဲ့ရသော ဤ နာမ် တရား ထက်၊ ဘ်ယော၊ အပို အလွန် ဖြစ်သော ငါကောင် = သတ္တဝါကောင် သည်၊ နှ၊ မရှိပြီ၊ ရှုတိ စ၊ ဤသို့လည်း။ (ဓမ္မ မတ္တ ဘာဝ ဒဿနံ, အတ္တ ဒိဋ္ဌိ မလ ဝိသောဓနတော ဤပုဒ်တို့ကို ထောက်၍ အရှာအား လျော်စွာ ပြန်အပ်သော အနက်မှန်ပင် တည်း၊ ခန္ဓမျှာနုပဿနာ အရာ၌ ပြသော အဋ္ဌကထာနှင့် နှိုးနှော၍ မယုံမှားလေလင့်)။ ရှုဒ်၊ မှတ်သိရသော ဤသဘောသည်၊ ရုပ်၊ ဖေါက် ပြန်ရုံသာ အထင်အရှား ဖေါက်ပြန် ပြောင်းလဲတတ်သော ရုပ် တရား

